Australian Government | Australian Charities and Not-for-profits Commission

အုပ်ချုပ်မှုဆိုင်ရာစံနှုန်းများ

အုပ်ချုပ်မှုဆိုင်ရာ စံနှုန်းများက ACNC မှတ်ပုံတင်ထားသောပရဟိတအဖွဲ့ ဆောင်ရွက်နည်းကို သတ်မှတ်ပေးပါတယ်။ ၎င်းတို့သည် ပရဟိတအဖွဲ့၏ လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ချက်များနှင့် ဆက်ဆံရေးများအား ခြုံငုံထားပါတယ်။ မှတ်ပုံတင်ရန်နှင့် မှတ်ပုံတင်ထားနိုင်ရန်အတွက် ပရဟိတအဖွဲ့သည် ထိုစံနှုန်းများနှင့် ကိုက်ညီရပါမယ်။

ထိုစံနှုန်းများက တင်းကျပ်သော တစ်ဆင့်ပြီးတစ်ဆင့်စည်းမျဉ်းများ မဟုတ်ဘဲ အဆင့်မြင့်အခြေခံမူများ ဖြစ်သောကြောင့် ပရဟိတအဖွဲ့တစ်ခုစီဟာ ၎င်း၏အရွယ်၊ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်များနှင့် ကိုက်ညီသော ဆီလျော်ရာ လုပ်ဆောင်ချက်များကို ရွေးချယ်ပါတယ်။

၎င်းတို့သည် ပရဟိတအဖွဲ့များအား ပရဟိတဆက်လက်လုပ်ဆောင်ရန်၊ ဥပဒေနှင့်လျော်ညီစွာ လုပ်ဆောင်ရန်၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိစေရန် ကူညီပေးပါတယ်။ ၎င်းတို့သည် အများယုံကြည်မှုကိုလည်း ပံ့ပိုးပေးသောကြောင့် ပရဟိတအဖွဲ့သည် ၎င်း၏ အလုပ်ကောင်းများအတွက် အထောက်အပံ့ ဆက်လက်ရရှိနိုင်ပါတယ်။ အချို့သတ်မှတ်ချက်များနှင့် ကိုက်ညီသော ဘာသာရေး ပရဟိတအဖွဲ့များသည် ထိုစံနှုန်းများကို လိုက်နာရန် မလိုအပ်ပါ။

အုပ်ချုပ်မှုဆိုင်ရာ စံနှုန်း ခြောက်ချက် ရှိပါတယ်။

အုပ်ချုပ်မှုဆိုင်ရာ စံနှုန်း ၁ က ပရဟိတအဖွဲ့အား အကျိုးအမြတ်မပါဘဲ၊ မိမိ၏ ပရဟိတရည်ရွယ်ချက်ကို လုပ်ဆောင်ရန် သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ဥပမာအားဖြင့် ပညာရေး၊ ဘာသာရေး၊ လိုအပ်သူများကို ကူညီပံ့ပိုးခြင်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်းစသည်တို့ ဖြစ်ပါတယ်။

ဤစံနှုန်းပြည့်မီစေရန် ပရဟိတအဖွဲ့ဟာ မိမိ၏ ပရဟိတရည်ရွယ်ချက်ကို အုပ်ချုပ်ရေးဆိုင်ရာ စာတမ်းတွင် ရှင်းလင်းစွာ ဖော်ပြထားရန် လိုအပ်ပြီး၊ ထိုစာတမ်းကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ စံပြစည်းမျဉ်းများ သို့မဟုတ် ယုံကြည်အပ်နှံမှုစာချုပ်ဟုလည်း ခေါ်ဆိုနိုင်ပါတယ်။ ၎င်းသည် နေ့စဉ် လုပ်ငန်းဆောင်တာများကိုလည်း မိမိ၏ ပရဟိတရည်ရွယ်ချက်နှင့်အညီ ဆောင်ရွက်ရပြီး၊

ထိုရည်ရွယ်ချက်ကို အများပြည်သူ လွယ်ကူစွာ ရှာဖွေနိုင်ရပါမယ်။ ဥပမာအားဖြင့် ပရဟိတအဖွဲ့ ဝက်ဘ်ဆိုက်၊ လူမှုကွန်ရက်စာမျက်နှာများ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာစာတမ်းကို ACNC ပရဟိတမှတ်ပုံတင်စာရင်းတွင် ထုတ်ပြန်ထားခြင်းတို့ဖြင့် ဖြစ်ပါတယ်။

အုပ်ချုပ်မှုဆိုင်ရာ စံနှုန်း ၂ က အဖွဲ့ဝင်များအပေါ် တာဝန်ခံမှုနှင့် ပတ်သက်ပါတယ်။

ပရဟိတအဖွဲ့တွင် အဖွဲ့ဝင်များရှိပါက၊ အဖွဲ့ စီမံအုပ်ချုပ်ပုံကို အဖွဲ့ဝင်များက မေးခွန်းများ မေးမြန်းနိုင်ရန်၊ စိုးရိမ်ပူပန်မှုများ တင်ပြနိုင်ရန်နှင့် သိရှိနိုင်ရန်အတွက် အခွင့်အရေးအမှန်များ ပေးရန် လက်တွေ့ကျကျအဆင့်များအား တာဝန်ယူရပါမယ်။ နှစ်ပတ်လည်အစည်းအဝေး ပြုလုပ်နိုင်ပြီး၊ ၎င်းတွင် အဖွဲ့ဝင်များက မေးခွန်းများ မေးမြန်းနိုင်ခြင်း သို့မဟုတ် အရေးကြီးကိစ္စရပ်များအပေါ် မဲပေးဆုံးဖြတ်နိုင်ခြင်းတို့ ဆောင်ရွက်နိုင်ပါတယ်။ ဆောင်ရွက်မှုများနှင့် ဘဏ္ဍာရေးအကြောင်း မျှဝေခြင်းနှင့် အဖွဲ့ဝင်များအတွက် ပရဟိတအဖွဲ့လုပ်ငန်းစဉ်များနှင့် ဘုတ်နှင့် ကော်မတီအဖွဲ့ဝင်များ ခန့်အပ်နည်းအကြောင်း စိုးရိမ်ပူပန်မှုများကို လွယ်ကူရှင်းလင်းစွာ တင်ပြနိုင်သောနည်းများကိုလည်း ဆိုလိုပါတယ်။

အုပ်ချုပ်မှုဆိုင်ရာ စံနှုန်း ၃က ဩစတြေးလျဥပဒေများကို လိုက်နာရန် သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။

ပရဟိတအဖွဲ့ဟာ ကြီးလေးသော ရာဇဝတ်မှုများ သို့မဟုတ် ကြီးမားသော အရပ်ဘက်ဥပဒေ ချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်ခြင်း မရှိရပါ။ ထိုပြဿနာများဖြစ်ပေါ် နိုင်ခြေအန္တရာယ်ကို ပရဟိတအဖွဲ့၏ လုပ်ငန်းနှင့် သက်ဆိုင်သော အဓိကဥပဒေများကို နားလည်ထားခြင်း၊ ပရဟိတအဖွဲ့ရန်ပုံငွေနှင့် ပိုင်ဆိုင်မှုများကို ကာကွယ်ခြင်းနှင့် ဥပဒေဆိုင်ရာ ဝတ္တရားများကို ပြည့်မီစေရန် ရိုးရှင်းသော စစ်ဆေးစာရင်းတစ်ခုကို အသုံးပြုခြင်းတို့ဖြင့် လျှော့ချနိုင်ပါတယ်။ ACNC က လိမ်လည်မှု၊ ငွေကြေးခဝါချမှုကဲ့သို့ အများပြည်သူ၏ ယုံကြည်မှုကို ထိခိုက်စေနိုင်သော ကြီးလေးသည့် ပြဿနာများကို အထူးအလေးထား စောင့်ကြည့်သောကြောင့် တာဝန်ဝတ္တရားများကို နားလည်ထားရန် အရေးကြီးပါတယ်။

အုပ်ချုပ်မှုဆိုင်ရာ စံနှုန်း ၄ မှာ ACNC က တာဝန်ရှိသူများဟု ခေါ်ဆိုသော ဘုတ်အဖွဲ့ဝင်များအား သူတို့၏အခန်းကဏ္ဍအတွက် သင့်လျော်ကြောင်း သေချာစေမှု ဖြစ်ပါတယ်။

ငင်းတို့မှာ ပရဟိတအဖွဲ့ကို မှန်ကန်စွာ စီမံအုပ်ချုပ်ရန်တာဝန်ကို မျှဝေထမ်းဆောင်ကြသည့် အုပ်ချုပ်ရေးအဖွဲ့၏အဖွဲ့ဝင်များ ဖြစ်ပါတယ်။ ပရဟိတအဖွဲ့အနေဖြင့် မိမိ၏ ဘုတ်အဖွဲ့ဝင်များဟာ ပရဟိတအဖွဲ့ကို စီမံအုပ်ချုပ်ခွင့်ရှိသူများ ဖြစ်ကြောင်း သေချာစေရပါမယ်။ ယင်းအတွက် ပရဟိတအဖွဲ့က ASIC နှင့် ဩစတြေးလျအစိုးရ၏ လွတ်လပ်သော အဖွဲ့ ACNC တို့မှ ထုတ်ပြန်ထားသော အများပြည်သူစာရင်းနှစ်ခုတွင် စစ်ဆေးသင့်ပါတယ်။ ထိုစာရင်းများတွင် ပရဟိတအဖွဲ့ သို့မဟုတ် ကုမ္ပဏီကို စီမံအုပ်ချုပ်ခွင့် မရှိသူများ၏ အမည်များကို ဖော်ပြထားပါတယ်။ ငင်းတို့ကို အရည်အချင်းမမီသောသူများ မှတ်ပုံတင်စာရင်းဟု ခေါ်ပါသည်။ ပရဟိတအဖွဲ့အနေဖြင့် ဘုတ်အဖွဲ့ဝင်တစ်ဦးချင်းစီထံမှ ငင်းတို့ဟာ စီမံအုပ်ချုပ်ခွင့် ပိတ်ပင်ခံထားရသူ မဟုတ်ကြောင်း ကြေညာချက်ပုံစံကို လက်မှတ်ရေးထိုးစေသင့်ပါတယ်။ နောင်တွင် ဘုတ်အဖွဲ့ဝင်တစ်ဦးဟာ စီမံအုပ်ချုပ်ခွင့် ပိတ်ပင်ခံထားရသူဖြစ်ကြောင်း တွေ့ရှိပါက၊ ပရဟိတအဖွဲ့က ထိုသူကို တာဝန်မှ ဖယ်ရှားရန် သင့်လျော်သော ဆောင်ရွက်ချက်များကို လုပ်ဆောင်ရပါမယ်။

အုပ်ချုပ်မှုဆိုင်ရာ စံနှုန်း ၅ ဟာ တာဝန်ရှိသူများအား အဓိကတာဝန်ဝတ္တရားများကို နားလည်ပြီး လိုက်နာရန် ပြဋ္ဌာန်းထားပါတယ်။

ငင်းတို့တွင် ဂရုတစိုက်နှင့် တာဝန်ယူမှုရှိစွာ ဆောင်ရွက်ခြင်း၊ ပရဟိတအဖွဲ့၏ အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှု၍ ရိုးသားမျှတစွာ ဆောင်ရွက်ခြင်း၊ ရာထူး သို့မဟုတ် သတင်းအချက်များ အလွဲသုံးစား မပြုခြင်း၊ အကျိုးစီးပွားဝိရောဓိများ အသိပေးခြင်း၊ ပရဟိတအဖွဲ့၏ ဘဏ္ဍာရေးကို တာဝန်ယူမှုရှိစွာ စီမံခန့်ခွဲခြင်းနှင့် ပရဟိတအဖွဲ့သည် အကြွေးများမဆပ်နိုင်သောအခါ လုပ်ငန်းများကို ဆက်လက် မဆောင်ရွက်စေရန် သေချာစေခြင်းတို့ ပါဝင်ပါတယ်။

ဤတာဝန်များဟာ အခြေခံ သမာဓိနှင့် သာမန်အသိတရားကို ထင်ဟပ်စေပါတယ်။ ဤစံနှုန်းနှင့် ကိုက်ညီစေရန်အတွက် ပရဟိတအဖွဲ့ဟာ ဘုတ်အဖွဲ့ဝင်များအား လမ်းညွှန်မှု သို့မဟုတ် သင်တန်းများ ပေးနိုင်သည့်အပြင် တာဝန်အပ်နှင်းစာများ သို့မဟုတ် ဘုတ်ပဋိညာဉ်စာတမ်းတွင် တာဝန်များဖော်ပြခြင်း၊ အစည်းအဝေးကျင်းပရေးနည်းလမ်းကောင်းများ အားပေးခြင်းနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် အကျိုးစီးပွားဝိရောဓိများကိုင်တွယ်ဖြေရှင်းရန် ရိုးရှင်းသော

လုပ်ထုံးလုပ်နည်းများ ချမှတ်ထားခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ပါတယ်။ တာဝန်များ မလုပ်ဆောင်နိုင်ပါက သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်လည်း ဆိုလိုပါတယ်။

အုပ်ချုပ်မှုဆိုင်ရာ စံနှုန်း ၆ က ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာမတရားပြုမူခြင်းအပေါ် အဖွဲ့အတွင်း ဖြေရှင်းခြင်းအတွက် တော်ဝင်ကော်မရှင်အပေါ်မူတည်၍ ထူထောင်ထားသော သြစတြေးလျအစိုးရ အစီအစဉ်ဖြစ်သည့် နိုင်ငံတော် အမှားပြင်ဆင်ရေးအစီအစဉ်နှင့် သက်ဆိုင်ပါတယ်။ ၎င်းသည် အဖွဲ့အစည်းအတွင်း ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာမတရားပြုမူခြင်းကြုံတွေ့ခဲ့ရသူများအား ပံ့ပိုးကူညီမှု ပေးအပ်ပါတယ်။

ပရဟိတအဖွဲ့ဟာ အဖွဲ့အစည်းအတွင်း ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာမတရားပြုမူခြင်းတွင် ပတ်သက်နေသည်ဟု သတ်မှတ်ခံရ သို့မဟုတ် သတ်မှတ်ခံရနိုင်ပါက၊ ထိုပရဟိတအဖွဲ့သည် ပုံမှန်အားဖြင့် ခြောက်လအတွင်း ပါဝင်ဆောင်ရွက်သော အစိုးရမဟုတ်သည့်အဖွဲ့အစည်း ဖြစ်လာရန် လက်တွေ့ကျကျအဆင့်များကို ပြုလုပ်ရပါမယ်။ ပရဟိတအဖွဲ့ဟာ နိုင်ငံတော် အမှားပြင်ဆင်ရေးအစီအစဉ်မှ တောင်းဆိုချက်များနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး၊ ထိုအစီအစဉ်တွင် ပါဝင်ပြီးနောက်လည်း ဆက်လက်ပါဝင်နေရပါမယ်။ ဤစံနှုန်းသည် ပရဟိတကဏ္ဍအပေါ် အများပြည်သူ၏ စိတ်ချမှုနှင့် ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်စေရန် ရည်ရွယ်ပါတယ်။

လက်တွေ့ကျသော အုပ်ချုပ်မှုအလေ့အကျင့်များ

နေ့စဉ်လုပ်ငန်းများမှာ အုပ်ချုပ်မှုစနစ်ကောင်းကို လွယ်ကူစွာ ပြုလုပ်နိုင်ရန် လက်တွေ့ကျသော အလေ့အကျင့်များ ရှိပါတယ်။

အစပြုရန်နေရာကောင်းတစ်ခုမှာ ပရဟိတအဖွဲ့၏ အုပ်ချုပ်ရေးဆိုင်ရာစာတမ်းကို အမြဲ နောက်ဆုံးအခြေအနေဖြစ်ရန် မွမ်းမံထားပြီး၊ ၎င်းကို ACNC ပရဟိတမှတ်ပုံတင်စာရင်းတွင် ရရှိနိုင်အောင်ပြုလုပ်ပေးခြင်း ဖြစ်ပါတယ်။

ပရဟိတအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပုံတွင် တာဝန်ခံမှုကို ထည့်သွင်းထားရန်လည်း အရေးကြီးပါတယ်။ ယင်းတွင် အစည်းအဝေးမှတ်တမ်းများကို ရှင်းလင်းမှတ်တမ်းတင်ခြင်း၊ ဘဏ္ဍာရေးကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်းနှင့် အဖွဲ့ဝင်များနှင့် ပွင့်လင်းစွာ ဆက်သွယ်ခြင်းတို့ ပါဝင်ပါတယ်။

လွယ်ကူသောရုံးတွင်းအထိန်းအကွပ်များကို ထားရှိခြင်းဟာ ပြဿနာများ မဖြစ်ပွားမီ ကာကွယ်နိုင်ပါတယ်။ ဥပမာ ပရဟိတအဖွဲ့၏ ဘဏ်စာရင်းများကို အသုံးပြုနည်းနှင့် ငွေများကို အသုံးပြုနည်းတို့အတွက် စည်းမျဉ်းများတို့ ဖြစ်ပါတယ်။

နောက်ဆုံးအနေဖြင့် လက်ရှိဆောင်ရွက်နေသောသင်တန်း ပေးအပ်ခြင်းဟာ ဘုတ်အဖွဲ့အား ၎င်းတို့၏ ဝတ္တရားများကို ယုံကြည်မှု ထမ်းဆောင်နိုင်ရန် အထောက်အကူပြုပါတယ်၊ အထူးသဖြင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် အကျိုးစီးပွား ဝိရောဓိများအတွက် ဖြစ်ပါတယ်။